မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၁၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း ကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

(၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ထို့နောက် အင်ဒိုနီးရှား ယဉ်ကျေးမှုအဖွဲ့က အာဆီယံသီချင်းအား သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

အဖွင့်မိန့်ခွန်းပြောကြား

ယင်းနောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ (၁၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ပတ်သက်သည့် ဗီဒီယိုကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

11-5 (01).pmd 1 5/11/2011, 2:42 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မေ ၁၁ ရက်)

မြန်မာ့တိုင်းရင်းဆေး အရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းတန်ဖိုးမြင့်မားသည့် ရှေးဟောင်းအမွေအနှစ် ဆေးပညာတစ်ရပ်ဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့ရာသီဥတု၊ ရေမြေတောတောင်သဘာဝ၊ မြန်မာ့ယဉ်ကျေးမှုရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းစဉ်လာများ ထုံမွှမ်းလျက် အခြေခိုင်မာစွာဖြစ်ထွန်းတည်တံ့ခဲ့သော ထီးနန်းသုံးတော်ဝင်ဆေးပညာလည်းဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာ အခြေခံကောင်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာခြင်းသည် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲကြိုးပမ်းမှု အစဉ်အလာကောင်းများကြောင့် ဖြစ်သည်။

ရှေးမြန်မာလူမျိုးများသည် ပြည်တွင်းမှထွက်ရှိသော ရုက္ခနွယ်ဝင် သစ်မြစ်သစ်ဥ ပရဆေးမယ်များ၊ တိရစ္ဆာန်ထွက်နှင့် ရေထွက်မြေထွက် သယံဇာတပစ္စည်းများဖြင့် ဖော်စပ်ထားသော တိုင်းရင်းဆေးဝါးများသုံးစွဲပြီး ကျန်းမာအသက်ရှည်ခဲ့ကြသကဲ့သို့ လက်ရုံးရည် နှလုံးရည်ထက်မြက်မြင့်မားသည့် လူမျိုးများအဖြစ်လည်း အသိအမှတ်ပြုခြင်းခံခဲ့ကြရသည်။

ရှေးမြန်မာ့တိုင်းရင်းဆေးသမားတော်များ ခေတ်အဆက်ဆက် အမွေဆက်ခံလာသော တိုင်းရင်းဆေးဝါးများ၏ ကုသမှုနည်းများကို ခေတ်မီနည်းများနှင့် စနစ်တကျ သုတေသနပြု ဖော်ထုတ်နိုင်မှုကြောင့် ယခုအခါ မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေးပြဿနာများဖြစ်သည့် ငှက်ဖျား၊ သွေးတိုး၊ ဆီးချို၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါများကို ကုသနိုင်သောရလဒ်ကောင်းများ ရရှိနေပြီ ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတကာကူးလူးဆက်ဆံမှုများ များပြားလာပြီး လူနေမှုဘဝဟန်များနှင့် အစားအသောက် အနေအထိုင်များ ပြောင်းလဲလာခြင်းကြောင့် ရောဂါအသစ်အဆန်းများ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ပေါ်ပေါက်လျက်ရှိသည်။ အချို့ရောဂါများသည် ခေတ်ပေါ်ဆေးများမတိုးသည်အထိ ဆေးကိုအန်တုလာကြသည်။ ယင်းကဲ့သို့သော အခြေအနေတွင် အနောက်တိုင်းဆေးပညာနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ညှိနှိုင်းပေါင်းစပ်ယှဉ်တွဲကုသပေးသည့် နည်းလမ်းသည် အချို့ရောဂါများအတွက် ထိရောက် အကျိုးဖြစ်ထွန်းမှု ရရှိခဲ့သည်။

သို့ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ ထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့ရေမြေတောတောင်များမှထွက်ရှိသော ရုက္ခအုပ်စုဝင် သစ်မြစ်သစ်ဥများ၊ တိရစ္ဆာန်ထွက်၊ ရေထွက် မြေထွက် သယံဇာတပစ္စည်းများနှင့် ဆေးဖက်ဝင်အပင်များကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းနေ ဖခင်ကြီး ဦးအောင်မြင့်နှင့် မိခင်ကြီး ဒေါ်သန်းရီတို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးတစ်စုတို့က ထာဝရ ဆွမ်းပဒေသာပင်နှင့် တစ်နေ့လုံးစာ အထူးအာဟာရအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးကြိုင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း စည်းဝေး

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အစည်းအဝေး (၂/၂၀၁၁-၁၂)ကို မေ ၆ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်စင်လုပ်ငန်း)တို့က အမှာစကားပြောကြားပြီးနောက် အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်/ရွှေဆိုင်)က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်၏ မှာကြားချက်များကိုရှင်းလင်းကာ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွှေလုပ်ငန်းရှင်များအသင်းများမှ အလုပ်အမှုဆောင်များက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(ရွှေလုပ်ငန်းရှင်များအသင်း)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် မာရ်အောင်ဓမ္မာရုံခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြအေးက သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် အဖွဲ့ဝင်များက သက်ကြီး အဘိုးအဘွား ၆၃ ဦးတို့အား ကန်တော့ခံ လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၉၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်မည်

နေပြည်တော် မေ ၁၀

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် မေ ၉ ရက် နံနက် ၉ နာရီခွဲက ထားဝယ်အထူးစီးပွားရေးဇုန်သို့ ရောက်ရှိရာ ITD ကုမ္ပဏီမှ မစ္စစီရာဖိုက်၊ ဦးအောင်ဇော်ဝင်းနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်အောင်တို့က သက်ဆိုင်ရာအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထားဝယ်အထူးစီးပွားရေးဇုန်ဧရိယာကို စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ တိုင်းတာသတ်မှတ်နိုင်ရေး ပထမဦးစားပေးဆောင်ရွက်ရန်၊ အပိုင်းအလိုက် အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းများ လျာထားချက်အတိုင်း အချိန်မီပြီးစီးရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာနှင့် လမ်းများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုဖောက်လုပ်ထားမှု၊ (ရန်ကင်း-ဒေါက်လောက်) ထားဝယ်မြစ်ကူးတံတား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းဆေးပညာသင်တန်း ဖွင့်လှစ်ပို့ချ

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း၏ ဦးဆောင်မှု၊ ကိုရီးယားသမ္မတနိုင်ငံ DAS TECH Co.,Ltd. မှ ကြီးကြပ်မှုတို့ဖြင့် Basic Training Course Dental Implant သင်တန်းကို မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆေးပညာရပ်ဆိုင်ရာ ဆရာဝန် ၈၅ ဦးတို့အား ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ် ပတ္တမြားခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

အမှာစကားပြောကြား

သင်တန်းကို မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာဦးသိန်းထွဋ်နှင့် Chosun University School of Dentistry မှ ပါမောက္ခဆေးရုံအုပ် Kang Dong Wan တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီးနောက် အမှာစကားပြောကြားသည်။

သင်တန်းတွင် ဆေးဘက်ဆိုင်ရာပညာရှင်များက နိုင်ငံတကာ၌ ခေတ်စားလာသည့် မေးရိုးအတွင်းသို့ သွားတိုက်ရိုက်စိုက်နိုင်သော သွားအစားထိုးပညာကို မေ ၇ ရက်မှ ၁၂ ရက်အထိ ပို့ချမည်ဖြစ်သည်။ **(သွား/ခံတွင်းဆရာဝန်အသင်း)**

ဇလွန်မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ရေမြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းကို မေ ၁ ရက်က အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမင်းနှင့် အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA)ကိုယ်စားလှယ်များ ဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်းကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ **Jakarta Convention Centre (JCC) Merak Room (1)** ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်း (Civil Society Organizations - CSOs) ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲတို့သို့ တက်ရောက်သည်။

တက်ရောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Merak Room (1) ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Merak Room (1) ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

တက်ရောက်

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပါလီမန် အဖွဲ့ အစည်း(AIPA) ကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အဖွဲ့အစည်း (AIPA) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လူထုဗဟိုပြု

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပါလီမန်အမတ်များ ပါဝင်သည့် အာဆီယံပါလီမန်များ ညီလာခံမှ လူထုဗဟိုပြု အာဆီယံဖြစ်ရေး၊ အာဆီယံနှင့် အာဆီယံပါလီမန်များ ညီလာခံတို့အကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အာဆီယံပါလီမန်အမတ်များ ညီလာခံကိုယ်စားလှယ်များက အာဆီယံနှင့် အာဆီယံပါလီမန်များညီလာခံတို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်ကို လျှော့ချရေး၊ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေး၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေး၊ ဘေးအန္တရာယ်လျှော့ပါးရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များကာကွယ်ရေး၊ အငြင်းပွားမှုများ ငြိမ်းချမ်းစွာဖြေရှင်းရေး၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံဒေသတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပွင့်လင်းစွာဆွေးနွေး

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဆွေးနွေးတင်ပြမှုများအပေါ် ၎င်းတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညနေ ၃ နာရီခွဲတွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဘုံအကျိုးစီးပွား

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာရေးမှာ အစိုးရများအပေါ်တွင်သာ မှီခို၍မရကြောင်း၊ ပြည်သူလူထု ပါဝင်မှုပေါ်တွင်လည်း မူတည်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ဘုံအကျိုးစီးပွားအတွက် ပညာရေး၊ စွန့်ဦးတီထွင်မှုနှင့် ယဉ်ကျေးမှုအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် လူထုဗဟိုပြု အာဆီယံပေါ်ပေါက်လာရေးကို အားဖြည့်ပေးမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

ထို့နောက် တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်ကို လူငယ်များက ထောက်ခံအားပေးပါကြောင်း၊ လူငယ်များအနေဖြင့် ခေါင်းဆောင်မှု၊ စွန့်ဦးတီထွင်မှု အခန်းကဏ္ဍများ၊ အာဆီယံလူငယ်များ အပြန်အလှန်စေလွှတ်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က ၎င်းတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။

အလွတ်သဘောဆွေးနွေးပွဲ

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကျင်းပသည့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်း ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်းကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက သမားရိုးကျမဟုတ်သော ကမ္ဘာ့စိန်ခေါ်မှုများ ပေါ်ပေါက်လာမှုအပါအဝင် ၂၀၁၅ အာဆီယံ အသိုက်အဝန်း ရည်မှန်းချက်များရရှိရန် အစိုးရနှင့်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဒေသအတွင်း အရေးပါသောကိစ္စရပ်များတွင် အရှိန်မြှင့်တင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေး

ထို့နောက် လူမှုအသိုက်အဝန်း အဖွဲ့အစည်းကိုယ်စားလှယ်များက ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဘေးအန္တရာယ်လျှော့ပါးရေး၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးအတွက် အချင်းချင်း အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ရေး၊ ဝင်ငွေနည်းပါးသူများ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေး၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကာကွယ်ရေး၊ စိတ်ချရသော ကိုယ်ဝန်ဆောင်မှုနှင့် မျိုးဆက်ပွားမှုများဖြစ်ပေါ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးစသည်တို့ကို ဆွေးနွေးကြသည်။

ပြောကြား

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက လူမှုအသိုက်အဝန်း အဖွဲ့အစည်းကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ၎င်းတို့၏ အမြင်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးပြောကြားကြသည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih ခန်းမ၌ (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝ လာရောက်တွေ့ဆုံ

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝသည် မေ ၇ ရက် ညနေ ၄ နာရီခွဲတွင် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Kasit Piromya၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alongkorn Ponlaboot၊ အင်ဒိုနီးရှားသမ္မတ နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Thanatip Upatising နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ညှိခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်းဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးကဏ္ဍများ၌ စားနပ်ရိက္ခာဖူလုံရေးအတွက် သုတေသနဌာနများ တိုးချဲ့သွားရန်နှင့် စားနပ်ရိက္ခာဖြန့်ဝေမှုတွင်လည်း ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ အာဆီယံ +၃ နိုင်ငံများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန်ကိစ္စရပ်များ၊ စွမ်းအင်လုံခြုံရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့အပြင် renewable energy ကို အသုံးပြုကြရန်နှင့် လျှပ်စစ်စွမ်းအင် လုံခြုံရေးအတွက် ASEAN Power Grid များ အကောင်အထည်ဖော် ဆောင်ရွက်ရန်ကိစ္စများ၊ ၂၀၁၁ ခုနှစ်အတွင်း ဘာလီ၌ ASEAN Fair တစ်ခုကို ကျင်းပပြုလုပ်သွားရန် ကိစ္စနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ပေးရန်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

သုံးဆောင်

အစည်းအဝေးအပြီးတွင် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုတို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် ည ၇ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်းဟာဂျီ အဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းကိုယ်စား ဝါရင့်ဝန်ကြီး ပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအာဘီဆစ် ဝဲချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ

အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်၊ အာဆီယံ အမြဲတမ်း ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ညစာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ခင်မင်လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက် ကြသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် Assembly Hall ၌ ညစာစားပွဲကို စတင် ကျင်းပရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလို ဘန်ဘန်းယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

တည်ခင်းဧည့်ခံ

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများနှင့် တက်ရောက်လာကြသူများအား အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ သည်။

ဖျော်ဖြေတင်ဆက်

ညစာသုံးဆောင်နေစဉ် အင်ဒိုနီးရှား သံစုံတီးဝိုင်းအဖွဲ့က တေးသံသာများဖြင့် တီးမှုတ်သီဆို ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်စဉ်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုက နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီး အကဲများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

11-5 (05).pmd 1 5/11/2011, 2:42 AM

ရှေးဟောင်းခံတပ်များ မပျက်စီးရေးနှင့် သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်

အင်းဝမြို့ဟောင်း ဆင်ကျုံးခံတပ်၏ ဧရာဝတီမြစ်ဘက်ခြမ်းမျက်နှာစာ မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း စစ်ကိုင်းခံတပ် (ခေါ်) အစေခံခံတပ်၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ညောင်ရမ်းခေတ်လက်ရာ တိလောကဂုရုလိုဏ်ဂူ၊ စစ်ကိုင်းခံတပ်(ခေါ်) အစေခံခံတပ်၊ ထူပါရုံကျောက်စာများ၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ သပြေတန်းခံတပ်၊ အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်နှင့် မဟာအောင်မြေဘုံစံကျောင်းတော်ကြီးတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထိန်းသိမ်းထားသော ရှေးဟောင်းဂူဘုရားများ၊ အဆောက်အအုံများနှင့် ပတ်သက်၍ တိကျသည့် မြေပိုင်ဆိုင်မှု ဧရိယာသတ်မှတ်ရရှိရေး၊ အနီးပတ်ဝန်းကျင်တွင် အခြားအဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်မှု မရှိစေရေး တာဝန်ရှိသူများက စိစစ်ကြပ်မတ်ရန်၊ ရှေးဟောင်းခံတပ်များ ပျက်စီးမှုမရှိစေရေး၊ ကတုတ်များအတွင်းသို့ ရေဝင်ရောက်၍ ပျက်စီးမှုမရှိစေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် လာရောက်လေ့လာသူများ ခံတပ်နှင့်ပတ်သက်သည့် သမိုင်းကြောင်းနှင့် အချက်အလက်အပြည့်အစုံကို လေ့လာသိရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်၊ ဧရာဝတီမြစ်ရေကြောင်း တည့်တည့်စီးဝင်နေသည့် အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်၏ ဧရာဝတီမြစ်ဘက် မျက်နှာစာအား မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန်၊ ရှေးဟောင်းမဟာအောင်မြေဘုံစံကျောင်းအတွင်းရှိ သစ်သားအခင်းများ ပျက်စီးမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များတိုးမြှင့်ရေးဆောင်ရွက်

နိုင်ငံ၏စီးပွားရေးတိုးတက်မှုအား အကျိုးပြုမည့်လုပ်ငန်းများကို အကောင်အထည်ဖော်

နေပြည်တော် မေ ၁၀

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၁/၂၀၁၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ် (၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အားပေးဆောင်ရွက်

ရှေးဦးစွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရပိုင်းက ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပုဂ္ဂလိကပိုင်းမှ ဆောင်ရွက်ရမည့်လုပ်ငန်းများ တိုးတက်ရေးအတွက် အားပေးဆောင်ရွက်သွားရန်။

နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများကို စွမ်းအားပြည့် ထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် စွမ်းအင်၊ ကုန်ကြမ်း၊ နည်းပညာ၊ ရင်းနှီးငွေအစရှိသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ပေးခြင်းနှင့် ကူညီပံ့ပိုးခြင်းများကို ဆောင်ရွက်သွားရန်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်စေပြီး အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တိုးမြှင့်နိုင်ရေး အစွမ်းကုန် ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်သွားရန်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ခေတ်မီ စက်မှုနိုင်ငံတော်ကြီးအဖြစ် အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ တည်ဆောက်သွားရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထည့်သွင်းပြောကြား

ထို့ပြင် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် စက်ရုံများဖြစ်သည့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် အပေါ့စား စက်မှုလုပ်ငန်း (Light Industry)၊ စက်မှုပစ္စည်းများ ထုတ်လုပ်သည့် အကြီးစားစက်မှုလုပ်ငန်း (Heavy Industry)၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ (Import Substitution Industry)၊ ပို့ကုန်တင်ပို့ရန် ရည်ရွယ်သည့် စက်မှုလုပ်ငန်းများ (Export Oriented Industry)၊ အရင်းအနှီးနည်းနည်း၊ စက်ကိရိယာနည်းနည်းနှင့် လူ၏ လုပ်အားကို အဓိကသုံးသည့် စက်မှုလုပ်ငန်းများ (Labour Intensive Industry)နှင့် အရင်းအနှီးကြီးကြီး၊ စက်ကိရိယာများများ ငွေအားကို အဓိကအသုံးပြုသည့် စက်မှုလုပ်ငန်းများ (Capital Intensive Industry) တို့အနက် မိမိနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအား အများဆုံး အထောက်အကူအကျိုးပြုမည့် လုပ်ငန်းများကို ရေတို၊ ရေရှည်အစီအမံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အရေးကြီးကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် စက်ရုံများ ခေတ်မီတိုးတက်စေရန် Clean, Green Tech Factories, Energy Conservation, Energy Saving, Renewable Energy နှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် စက်မှုဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိရေး၊ ဝန်ကြီးဌာနများအနေဖြင့် Integrated Industries အသွင်ဖြင့် တူညီသော စက်မှုထုတ်ကုန်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ငွေရေးကြေးရေးနှင့် နည်းပညာ အကူအညီပေးအပ်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော် ရေရှည်တိုးတက်ဖွံ့ဖြိုးရန် စက်မှုကဏ္ဍတိုးတက်ရမည် ဖြစ်ကြောင်း၊ အန္တိမတိုးတက်ရေးအတွက် Industrialized Nation ဖြစ်အောင် ကြိုးပမ်းကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များဖြစ်ကြသည့်ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဦးဇော်မင်းဝင်းနှင့် ဦးပေါဟိန်းတို့က စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ **လှေကားသုံးထစ် ဆင်းတဲ့အခါ**
၈:၃၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း)**
၅:၀၀ ၂။ တေးဂီတအစီအစဉ်
၅:၁၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ၊ ရုသစာပေ၊အရှေ့တိုင်းပညာအထူးပြု) (ဒဿနိကဗေဒ)
၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၅။ သီချင်းကြီးပဒေသာ
၅:၄၀ ၆။ International Science News
၅:၅၀ ၇။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၀ ၁၁။ ရွှေရင်ခုန်သံ
၇:၁၅ ၁၂။ တေးဂီတအစီအစဉ်
၇:၂၅ ၁၃။ အလင်္ကာကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၅၇)
၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **မျက်စိတစ်မှိတ်** မင်းမော်ကွန်း၊ နန္ဒ၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ဗပါဝါ)

ဒေးဒရဲစည်ပင်သာယာ ပန်းအလှပင်များပျိုးထောင်

ဒေးဒရဲ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်သည် မေ ၅ ရက်က ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းက ရှင်းလင်းတင်ပြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗြိတိန်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၁၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr. Andrew Richard Heyn သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ယာပုံ)**

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အဆင့်မြင့်စက်ချုပ်သင်တန်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ဖွင့်

ရန်ကုန် မေ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည်မေ ၉ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၄၃/၄၄)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၃)နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၃/၇၄)သင်တန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် သင်တန်းများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် သင်တန်းကျောင်းဝင်းအတွင်း နှစ်ရှည်ပင်၊ ရာသီပင်စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဗဟိုလေ့ကျင့်ရေးကျောင်းအတွက် ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး လှူဒါန်းသည်။

သင်တန်းများသို့ သင်တန်းသူ စုစုပေါင်း ၁၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်သောအသိပညာ၊ အတတ်ပညာရှင်များဖြင့် ပညာရေးကဏ္ဍ နိုင်ငံတကာအဆင့်မီအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၁၀

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မေ ၉ ရက် နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်) အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံ၍ ဆရာ ဆရာမများသည် တပည့်များအတွက် စံနမူနာပြဖြစ်ရန်၊ မိမိတပည့်များအား အနာဂတ်ကာလတွင် ခေါင်းဆောင်ကောင်းများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်သည့် အမျိုးကောင်း သားသမီးများဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်စက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် မုဒုံမြို့နယ် ဘူတာနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ စက်ယန္တရားများဖြင့်ကုလားတူးမြောင်းဖော်ထုတ်နေမှု၊ မုဒုံကန်ကြီး၌ တည်ဆောက်လျက်ရှိသည့် ရေပေါ်နားနေဆောင် တည်ဆောက်ပြီးစီးမှုနှင့် သာယာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြင်ဆေးခွေ သုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

သီပွံနည်းကျ ပေါင်ပျိုးစနစ်ဖြင့် မျိုးစေ့ချပွဲ သန်လျင်မြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၁၀

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းသည် မျိုးစေ့သုံးစွဲမှုသက်သာပြီး အထွက်နှုန်းတိုးစေကြောင်း ဒေသခံတောင်သူများ သိရှိနိုင်စေရန် သီပွံနည်းကျ ပျိုးစနစ် မျိုးစေ့ချပွဲကို မေ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု တောင်သူ ဦးကျော်ခင်၏ လယ်မြေ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်းက သီပွံနည်းကျ ပျိုးစနစ်မျိုးစေ့ချပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လယ်ယာစီးပွားကူးသန်းနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များနှင့် ဒေသခံတောင်သူများက ပေါင်စနစ်ဖြင့် ပျိုးထောင် စိုက်ပျိုးခြင်းနှင့် သီပွံနည်းကျ မျိုးစေ့ချနေမှုတို့ကို ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။

(အောက်ပုံ)

(၁၉၄)

ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်အား မြန်မာနိုင်ငံဆိုင်ရာ FAO ဌာနေကိုယ်စားလှယ် (အငြိမ်းစား)နှင့် JISSEN KANKYO KENKY USHO Co., Ltd. ၏ Vice President ဖြစ်သူ Mr. Shin IMAI သည် မေ ၃ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် FAO မှ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်လျက်ရှိသည့် လူမှုရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စများ၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် စွမ်းအင်ရရှိရေးလုပ်ငန်းများတွင် အကူအညီပေးနိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ကိစ္စများ၊ စွမ်းအင်ချွေတာရေးအတွက် ဇီဝလောင်စာသုံး မီးစက်များ အသုံးပြုနိုင်မည့်ကိစ္စများ၊ ဆင်းရဲနွမ်းပါးမှုပပျောက်စေရေး လယ်ယာထွက်ကုန်နှင့် ကောက်ပဲသီးနှံများ ပိုမိုအထွက်တိုးရေးအတွက် အခြေခံအဆင့်မှ တောင်သူများ၏ လိုအပ်ချက်များကို နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍမှ လိုအပ်သလို ပံ့ပိုးဆောင်ရွက်မှု ပြုနေသည့်ကိစ္စ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ဆောင်ရွက်မည်ဆိုပါက အသင်းချုပ်မှလိုအပ်သလို ကူညီဆောင်ရွက်ပေးမည့် ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ခေမာထေရီ ဘိက္ခုနီမအကြောင်း** တရားတော် (အရှင်ဘဒ္ဒန္တအင်္ဂိသ) (ပါဠိကာရီဆရာတော်)
၆:၄၀	စေတီတို့ရဲ့ နောင်တော် တွံတေးရွှေဆံတော်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (ဇာတ်သိမ်းပိုင်း)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၈)
၈:၄၅	Legendary Journey Live at Singapore (Part 9)
၉:၃၀	အားကစားမြင်ကွင်းစုံ
၁၀:၀၅	မဟာလောကဥသျှောင် ကျောင်းတော်ကြီးစေတီတော် ထီးတော်တင်လှူပွဲ
၁၀:၂၅	နှစ်(၁၀၀)ပြည့် အောင်ပွဲမှသည်.... [ရေတွင်းကုန်းဓမ္မာရုံ နှစ်(၁၀၀)ပြည့် ပွဲတော်]
၁၀:၄၀	ဓာတ်ပုံထဲမှအမှတ်တရများ (ပန်းဖြူ)
၁၁:၁၅	Activities in the City - (မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ) (မိခင်တိုင်းရင်းဆေး) - (ပထမအကြိမ် စုပေါင်း မဟာပဋ္ဌာန်း အလှူတော်မင်္ဂလာ)
၁၁:၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)]
၁၂:၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်အူမကြီးကြော်နှင့် ငါးသေတ္တာ ပန်းဂေါ်ဖီနှပ်)
၁:၀၀	**ခေမာထေရီ ဘိက္ခုနီမအကြောင်း** တရားတော် (အရှင်ဘဒ္ဒန္တအင်္ဂိသ) (ပါဠိကာရီဆရာတော်)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **(ညည့်သည်လာတာကောင်းတယ်၊ ညည့်သည်မလာတာကောင်းတယ်)**
၃:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (ဇာတ်သိမ်းပိုင်း)
၄:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၅၈)
၅:၁၀	Lunrine Perfect Health ၏ ကျန်းမာရေးဝန်ဆောင်မှု
၅:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် [အထက(၂)လှိုင် ဆရာကန်တော့ပွဲ]
၆:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁)
၇:၁၅	Activities in the City (တိုင်းရင်းဆေးပြပွဲ အခမ်းအနားမှ မဟိဒ္ဓိတိုင်းရင်းဆေး)
၇:၂၅	Cartoon Show Time (Tangled)
၈:၀၀	MRTV-4 သတင်း
၈:၃၀	ဖွံ့ဖြိုးသာယာ ကောလင်းမြေမှာ
၈:၅၀	ရွှေပြည်သာမြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲ
၉:၀၅	Celebrity Style (ပုလဲဝင်း)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၅၉)
၁၀:၂၀	နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့ မိသားစုအတွက် သံလွင်လမ်းက High View Villa)
၁၀:၃၅	**ဘိသိက်ပြိုင်** (အကယ်ဒမီမိုးဒီ၊ ဇော်ဝင်းနိုင်(မန်း) နှင့် သရုပ်ဆောင်များ) ဒါရိုက်တာ-ဉာဏတင်စိုး
၁၂:၀၀	World of Knowledge (Seconds from Disaster: Munich Olympic Massacre)
၁၂:၄၅	ဧဒင်၏ ရေကုထုံး
၁၂:၅၅	အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
၁:၅၀	ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
၁:၅၅	စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလား ဥသဃရား) (အပိုင်း-၂)
၂:၂၀	ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ....
၂:၃၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆို)
၂:၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၅၅	မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
၄:၁၅	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် Barrier Free
၄:၄၀	မုံရွာမြို့သို့ အလည်တစ်ခေါက်
၅:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ်ကျင်းပမည် ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရေး အားကစားကွင်းများ၊ အားကစားရုံများ စတင်ဆောက်လုပ်နေ

ပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများရှာဖွေစုစည်းပြီး စခန်းသွင်းလေ့ကျင့် သမိုင်းမှတ်တိုင်သစ်များ ထပ်မံစိုက်ထူနိုင်ရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC)၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစား ပြိုင်ပွဲ ကြိုတင် ပြင်ဆင်မှု ဦးဆောင် ကော်မတီ ဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာနနှင့်ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက နိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လာမည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်၌ မိမိတို့က အိမ်ရှင်အဖြစ် ဧည့်ခံကျင်းပရမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများကို ၁၉၅၉ ခုနှစ်မှစပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၆၉ ခုနှစ်တွင် ဒုတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ အခြေအနေအမျိုးမျိုးတို့ကြောင့် ၄၄ နှစ်ကြာခဲ့ပြီး ယခုမှ တတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ လက်ခံကျင်းပနိုင်ခြင်းမှာ နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာစွမ်းဆောင်မှုဟု ခံယူကြောင်း။

ပြိုင်ပွဲကြီး အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ၌ မိမိနာယကအဖြစ် ပါဝင်မည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ ပါဝင်လျက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို တာဝန်ယူ ဦးဆောင်သွားရန် အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ-

(၁) အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊

(၂) လိုအပ်သောရန်ပုံငွေရရှိရေးကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရေး၊

(၃) အားကစားကွင်းနှင့် တည်းခိုအဆောက်အအုံများ အချိန်မီ ပြီးစီးရေး၊

(၄) ဝင်ရောက်ယှဉ်ပြိုင်သော ပြိုင်ပွဲတိုင်းအောင်နိုင်ရေး၊

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှု ဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

(၅) မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးတို့ဖြစ်ကြောင်း။

ယင်းလုပ်ငန်းတာဝန်များ အောင်မြင်ပြီးစီးနိုင်ရေးအတွက် ဦးဆောင်ကော်မတီအောက်တွင် ဆပ်ကော်မတီများထပ်ဖွဲ့ပြီး ပြည်ထောင်စုဝန်ကြီးများကို အထူးတာဝန်အနေဖြင့် ဖွဲ့စည်းတာဝန်ပေးထားကြောင်း၊ ယင်းတို့မှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဥက္ကဋ္ဌအဖြစ် ပါဝင်သော အားကစားကွင်းနှင့် အားကစားအဆောက်အအုံများ တည်ဆောက်ရေးဆပ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် ပါဝင်သော ပြိုင်ပွဲအောင်နိုင်ရေးနှင့် ကြိုတင်လေ့ကျင့်ရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့ ဖြစ်ကြကြောင်း၊ နောက်ထပ်လိုအပ်သော ဆပ်ကော်မတီများဖြစ်သည့် လုံခြုံရေး၊ ဘဏ္ဍာရှာဖွေရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ စီမံခန့်ခွဲရေး၊ ဆုချီးမြှင့်ရေး၊ မှတ်တမ်းတင်ရေးစသည့် ဆပ်ကော်မတီများကိုလည်းလိုအပ်ပါက ညှိနှိုင်းတိုင်ပင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း။

စတင်ဆောက်လုပ်

ပြိုင်ပွဲကိုလက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်သော အားကစားကွင်းများ၊ အားကစားရုံများနှင့် အဆောက်အအုံများကို စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း၊ နေပြည်တော် ဇမ္ဗူသီရိအားကစားရုံ၊ ဇေယျာသီရိ အားကစားရုံတို့၌ ပရိသတ် ၃၀၀၀၀ ဆံ့ ပွဲကြည့်စင်နှင့် အမိုးပါဘောလုံးကွင်းများကို တည်ဆောက်နေပြီဖြစ်သကဲ့သို့ အားကစားရုံများနှင့် အမိုးပါ ပွဲကြည့်စင်များပါသော ရေကူးကန်တို့ကိုလည်း စတင်ဆောက်ရွက်နေပြီဖြစ်ကြောင်း။

လိုအပ်ချက်များတင်ပြ

လက်ရှိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန် ပြင်ဆင်နေသော အားကစားရုံ၊ ရေကူးကန်တို့အပြင် ထပ်မံလိုအပ်သည့် အားကစားရုံများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများစသည့် အင်အား ၅၂၀၀ ဆံ့ အားကစားရွာနှင့် တခြားအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆောက်အအုံများကိုလည်း အဆင့်မြင့်တည်ဆောက်နိုင်ရန်အတွက် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များတင်ပြကြရန် ဖြစ်ကြောင်း။

ထို့အပြင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ယခုပြိုင်ပွဲ၌ ထိုက်တန်သော နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုရရှိရေးအတွက် ယခုကတည်းက အလားအလာရှိသည့် အားကစားသမားများ ရှာဖွေစုစည်းပြီး စခန်းသွင်းလေ့ကျင့်သွားရန် လိုအပ်ကြောင်း၊ ယခုကျင်းပမည့် အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအမျိုးပေါင်း ၃၀ ထည့်သွင်းကျင်းပရန် လျာထားပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲ၌ ဆုတံဆိပ်ပေါင်း ၁၀၄ ခုနှင့် ပထမရခဲ့ကြောင်း၊ အလားတူ ၁၉၆၉ ခုနှစ် ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်ပေါင်း(၁၄၉)ခုနှင့် ပထမဆု ထပ်မံရရှိထားခြင်းကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပတိုင်း ပထမအဆင့်ဖြင့် ဆွတ်ခူးအောင်မြင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အလေးအနက်ထား

ထို့ကြောင့် ယခုတတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရာတွင်လည်း မြန်မာအားကစားအဖွဲ့များ၏ ယခင်အောင်မြင်ခဲ့သော သမိုင်းမှတ်တိုင်နှင့်အတူ သမိုင်းမှတ်တိုင်သစ်များ ထပ်မံစိုက်ထူနိုင်ရေးအတွက် အလေးအနက်ထားကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

(၂၇)ကြိမ်မြောက် ကျင်းပမည့်ပြိုင်ပွဲတွင် အသုံးပြုမည့် အထိမ်းအမှတ်ရုပ်ပုံ Logo နှင့် Mascot လာဘ်ကောင်ရုပ်ပုံများ၊ ပြိုင်ပွဲပိုစတာများ၊ အင်တာနက်ဝက်ဘ်ဆိုက်များ၊ လက်ကမ်းစာစောင်များ၊ အားကစားဝတ်စုံများ၊ ဆုအထိမ်းအမှတ်အရုပ်များ အမှတ်တရလက်ဆောင်ပစ္စည်းများအားလုံးပေါ်တွင် ပါသွားမည့် Logo နှင့် Mascot များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီပြီး အမျိုးသားရေးဟန်ပန်ပါရှိသော Logo နှင့် Mascot ရုပ်ပုံများဖြစ်ရန်လည်း အရေးကြီးကြောင်း။

ကြိုတင်စီစဉ်

တည်ဆောက်ဆဲ အားကစားကွင်းမျ...
ပြိုင်ပွဲများကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်...
အားကစားအဖွဲ့ချုပ်မှ သတ်မှတ်စံချိန်စံညွှန်းမျ...
အလေးထားဆောင်ရွက်ကြရန်၊ ပြိုင်ပွဲသုံး ခေတ်...
Equipment များ အချိန်မီ မှာယူတပ်ဆင်နိုင်ရ...
ကြိုတင်တွက်ချက် စီစဉ်သွားကြရန်ဖြစ်ကြော...

ပြိုင်ပွဲကာလအတွင်း ဧည့်သည်တော်များ...
မှ အားကစားအဖွဲ့များကို တွဲဖက်ပေးထားရမည...
လူငယ်များကို လုံလုံလောက်လောက်ရှိစေရန်...
လေ့ကျင့်ပေးရေး၊ အားကစားအမျိုးအစားအလို...
ဆောင်ရွက်မည့် ဒိုင်နှင့် ဂျူရီများကို ပြည်တွင်း...
ပြည်ပသို့ သင်တန်းများစေလွှတ်ပေးခြင်း၊ ပြ...
တာဝန်ပေးခြင်းဖြင့် နိုင်ငံတကာအသိအမှတ်...
ကြိုတင်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြေ...

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် (၂၇)ကြိမ်မြောက် အရှေ့တော...
တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေး...
တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်မျ...
တာဝန်ခံမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်မှု၊...

ကြိုတင်စီစဉ်

တည်ဆောက်ဆဲ အားကစားကွင်းများ၊ အားကစားရုံများတွင် ပြိုင်ပွဲများကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်မှ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး အလေးထားဆောင်ရွက်ကြရန်၊ ပြိုင်ပွဲသုံး ခေတ်မီအားကစားပစ္စည်း Sport Equipment များ အချိန်မီ မှာယူတပ်ဆင်နိုင်ရန်အတွက် ယခုကတည်းက ကြိုတင်တွက်ချက် စီစဉ်သွားကြရန်ဖြစ်ကြောင်း။

ပြိုင်ပွဲကာလအတွင်း ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်နိုင်ငံအသီးသီးမှ အားကစားအဖွဲ့များကို တွဲဖက်ပေးထားရမည့် ဆက်ဆံရေး(စကားပြန်) လူငယ်များကို လုံလုံလောက်လောက်ရှိစေရန်အတွက် ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရေး၊ အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများကို ကြီးကြပ်ဆောင်ရွက်မည့် ဒိုင်နှင့် ဂျူရီများကို ပြည်တွင်းတွင် ရွေးချယ်လေ့ကျင့်ခြင်း၊ ပြည်ပသို့ သင်တန်းများစေလွှတ်ပေးခြင်း၊ ပြည်ပပြိုင်ပွဲများသို့ စေလွှတ်တာဝန်ပေးခြင်းဖြင့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များရရှိရေး ကြိုတင်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ထို့ကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များဖြစ်သော ပွင့်လင်းမှု၊ တာဝန်ခံမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်မှု၊ ပြည်သူလူထု၏ဆန္ဒကို အလေးထားမှု စသည်တို့ကို အခြေခံမှုအဖြစ် ခံယူကျင့်သုံးသွားကြရန်နှင့် ဦးဆောင်ကော်မတီ၏ ရည်မှန်းချက်များဖြစ်သော (၂၇)ကြိမ်မြောက်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ခံ့ညားထည်ဝါစွာကျင်းပနိုင်ရေး၊ မြန်မာအားကစားလောက၏ အောင်မြင်မှု သမိုင်းမှတ်တိုင်သစ်များ ပြန်လည်စိုက်ထူနိုင်ရေး၊ နိုင်ငံအသီးသီးမှ ရောက်ရှိလာမည့် အားကစားသမားများနှင့် ဧည့်သည်တော်များအား မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ယဉ်ကျေးသိမ်မွေ့သည့်၊ ဧည့်ဝတ်ကျေပွန်သည့်၊ စိတ်ရင်းစေတနာကောင်းသည့် နိုင်ငံဖြစ်ကြောင်း ပြသနိုင်ရေးအတွက် ကြွရောက်လာကြသော ပုဂ္ဂိုလ်များ အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက **အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မှုနှင့် မြန်မာနိုင်ငံက ဆုတံဆိပ်ရရှိမှုအခြေအနေ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း ၃၀ နှင့် ရွှေတံဆိပ် ချီးမြှင့်မည့်အခြေအနေ၊ အားကစားကွင်း/အားကစားရုံ လိုအပ်ချက်များ၊ ဆောက်လုပ်ဆဲ အားကစားကွင်း/ အားကစားရုံများနှင့် လျာထားအားကစားနည်းများ၊ ထပ်မံဆောက်လုပ်ရန် လိုအပ်သည့် အားကစားကွင်း/အားကစားရုံများ၊ ထပ်မံဆောက်လုပ်ရန်လိုအပ်သည့် အုပ်ချုပ်မှုအဆောက်အအုံများ၊ မွမ်းမံပြင်ဆင်မည့်ခန်းမများ၊ မြန်မာကွန်ဗင်းရှင်းစင်တာ (MICC) ၌ နေ့အလိုက်၊ အခန်းအလိုက် အသုံးပြုမည့် အစီအစဉ်၊ အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ဦးဆောင်ကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှု၊ ပြိုင်ပွဲအထိမ်းအမှတ်တံဆိပ် (Logo) နမူနာပုံစံနှင့် ပြိုင်ပွဲအထိမ်းအမှတ် လာဘ်ကောင် (Mascot) နမူနာပုံစံ၊ ပြိုင်ပွဲဝင်အသင်းများ၌ တွဲဖက်ထားရှိမည့် ဆက်ဆံရေး/စကားပြန်လူငယ်များ ရွေးချယ်လျာထားမှု၊ အားကစားနည်းအလိုက် ရွေးချယ်လေ့ကျင့်ပေးရန်လိုအပ်မည့် ဒိုင်/ဂျူရီများ ရွေးချယ်လျာထားမှု၊ ပြိုင်ပွဲအလိုက်အသုံးပြုရမည့် ပြိုင်ပွဲသုံး အထောက်အကူပြု အားကစားပစ္စည်းများ လိုအပ်ချက်၊ ပြိုင်ပွဲနေ့အလိုက် အစီအစဉ်အကြံပြုလျာထားချက်နှင့် ပြိုင်ပွဲအတွက် Main Sponsor နှင့် Co-Sponsor များ စိစစ်ရွေးချယ်ခြင်းတို့နှင့်စပ်လျဉ်း၍** ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က **နေပြည်တော်တည်ဆောက်ရေး အထူးစီမံကိန်းအဖွဲ့၏ ကြိုတင်ဆောက်လုပ်ရန် ခွင့်ပြုထားသည့် အဆောက်အအုံများအခြေအနေနှင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးရန် လျာထားဆောင်ရွက်မှု၊ Sport Complex အတွင်းရှိ အဆင့်မြင့်ဘောလုံးကွင်းများ၊ ရေကူးကန်၊ ဘော်လီဘောအားကစားကွင်း၊ ဘိုးလင်းအားကစားကွင်း၊ ဘိလိယက်အားကစားခန်းမ၊ တင်းနစ်အားကစားကွင်း၊ ဘတ်စကက်ဘောအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် အားကစားရွာများ တည်ဆောက်နေမှု အခြေအနေနှင့် သတ်မှတ်ကာလမတိုင်မီ ပြီးစီးအောင် တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်ထားမှု၊ နေပြည်တော်အတွင်းတည်ဆောက်ဆဲ ဟိုတယ်များ ပြီးစီးပါက ဧည့်သည်များ တည်းခိုနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍** ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက **အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအလံ သွားရောက်လက်ခံရာ၌ ဖျော်ဖြေရေးအစီအစဉ်များကို နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ အခြားနိုင်ငံများထက် မနိမ့်ကျစေရေးနှင့် အိမ်ရှင်နိုင်ငံအဖြစ် ဖိတ်ခေါ်သည့် အသွင်ရှိရေးဟူသော ရည်ရွယ်ချက်သုံးရပ်ချမှတ်၍ ဆောင်ရွက်သွားမည့် အခြေအနေ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို အစီအစဉ် ၁၆ ခုဖြင့်လည်းကောင်း၊ ပိတ်ပွဲ အခမ်းအနားကို အစီအစဉ် ၁၇ ခုဖြင့်လည်းကောင်း ကျင်းပရန်လျာထားမှု၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မကျင်းပမီ ကြိုတင် ပြင်ဆင်နေမှုအခြေအနေများကို လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာနိုင်ရေးနှင့် ပြိုင်ပွဲအထိမ်းအမှတ်တံဆိပ် (Logo) နှင့် ပြိုင်ပွဲအထိမ်းအမှတ်လာဘ်ကောင် (Mascot) များ ရွေးချယ်သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။**

ထို့နောက် တက်ရောက်လာကြသူများက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တီထွင်ကြံဆ

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက **ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အားကစားအဖွဲ့ချုပ်အသီးသီးနှင့် ဌာနဆိုင်ရာများအားလုံးအနေဖြင့် အဆိုပါ အားကစားပြိုင်ပွဲကြီးတွင် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စည်းလုံးညီညွတ်ခြင်း၊ စည်းစနစ်ကျနခြင်း၊ ပေါင်းစည်းဆောင်ရွက်တတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် ဖြူစင်ရိုးသားခြင်းစသည့် နိုင်ငံတော်၏ ဂုဏ်သိက္ခာအရပ်ရပ်ကို တိုးမြှင့်ဖော်ထုတ်ပြသနိုင်ရေးအတွက် အဘက်ဘက်မှ တီထွင်ကြံဆ ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်** မှာကြားသည်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများသို့ မုတ်သုံလေဝင်ရောက်နိုင်

နေပြည်တော် မေ ၁၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိနှင့် ကရင်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၉ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၁ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ အနောက်တောင် မုတ်သုံလေဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ထုတ်လုပ်သောသီးနှံများ ဈေးကွက်ခိုင်မာပြီး တွက်ခြေကိုက်ရေး ပြည်တွင်းသာမက ပြည်ပဈေးကွက်လိုအပ်ချက်ကိုပါ တွက်ချက်ကူညီ

နေပြည်တော် မေ ၁၀

လယ်သမားများ ထုတ်လုပ်သော သီးနှံများဈေးကွက်ခိုင်မာပြီး တွက်ခြေကိုက်ရေးအတွက် ပြည်တွင်းဝယ်လိုအား ဈေးကွက်သာမက ပြည်ပဝယ်လိုအား ဈေးကွက်အာမခံချက်ရှိသည်အထိ အရည်အသွေးနှင့် အရေအတွက်ဈေးကွက်လိုအပ်ချက်ကိုပါတွက်ချက်ပြီး ကူညီအားပေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မေ ၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပထမအကြိမ် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ယင်းဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မန်နေဂျာများအား ဆွေးနွေးမှာကြားခဲ့သည်။

မျိုးကောင်းမျိုးသန့်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မျိုးကောင်းမျိုးသန့်များကို တောင်သူလယ်သမားများ အသုံးပြုနိုင်ရေးအတွက် မိမိတို့အနေဖြင့် တာဝန်ယူ အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ကြောင်း၊ သီးနှံများ တစ်ဧကအထွက်နှုန်း တိုးတက်စေရေးအတွက် အဓိက အခြေခံအချက်ကြီးများဖြစ်သော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရန်လိုအပ်ခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များကို ပြောင်းလဲအသုံးပြုရန်လိုအပ်ခြင်း၊ စိုက်ပျိုးရေအပါအဝင် သွင်းအားစုဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများကို အချိန်ကိုက် အချိုးကျမှန်မှန်ကန်ကန် အသုံးပြုရန် လိုအပ်ခြင်း၊ မျိုးစေ့၊ သွင်းအားစု၊ လုပ်အားခ၊ စိုက်ပျိုးစရိတ်အပါအဝင် စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းရောင်းချပြီးသည့် အချိန်အထိ လေလွင့်ဆုံးရှုံးမှု လျော့နည်းကျဆင်းအောင် ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊ ထွက်လာသည့် သီးနှံများအပေါ်တွင် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးရခြင်း စသည့် အချက်များကို မိမိတို့အနေဖြင့် တောင်သူ လယ်သမားများအား ကိုယ်စားပြုပြီး ကိုယ်တိုင်ဦးဆောင် ပါဝင်၍လည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်း ပံ့ပိုးကူညီခြင်း နည်းလမ်းများဖြင့်လည်းကောင်း လက်တွေ့အကောင်အထည်ဖော်ပေးကြရမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံတော်အဆင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ဦးစားပေးလုပ်ငန်း

ယင်းနောက် ဒုတိယဝန်ကြီး ဦးခင်ဇော်က နိုင်ငံတော်အဆင့် စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ပြန်လည်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဦးစားပေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက နိုင်ငံတော်၏ အဓိကသီးနှံအမယ်ဖြစ်သည့် ဆန်စပါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိ တွက်ခြေကိုက်ရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်နှင့် လာမည့် မိုးရာသီတွင် အထွက်နှုန်းကောင်း မျိုးစပါးများ ရှေ့ပြေးစမ်းသပ်ထုတ်လုပ် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မန်နေဂျာများသည် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ စက်မှုလယ်ယာရှေ့ပြေး စံပြဧက (၅၀၀) စိုက်ကွင်းသို့ရောက်ရှိပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားရှိမှုနှင့် စက်မှုလယ်ယာဦးစီးဌာန၏ ကောက်စိုက်စက်များ သရုပ်ပြသမှုကို ကြည့်ရှုလေ့လာကြသည်။

အထွက်ကောင်းစပါး

ယင်းနောက် ဇေယျာသီရိမြို့နယ်ရှိ တောင်သူ ဦးခိုင်စိုးသိန်း၏ တစ်ဧက တင်း (၂၀၀) အထက် ထွက်ရှိမည့် အထွက်ကောင်းစပါးမျိုး ၁ ဒသမ ၃၅ ဧက စိုက်ခင်းကိုလည်းကောင်း၊ စက်မှုလယ်ယာစနစ် မျိုးသန့်ဧက (၃၀) စိုက်ကွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ (Integrated Farming) ၌ ပြသထားသော ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များနှင့် ကောက်စိုက်စက်များကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာရှိ တစ်ဧကေ ပျမ်းမျှ တန် (၅၀)အထက် ထွက်ရှိမည့် (၁၀)ဧက မျိုးသန့် မျိုးပွားကြံစိုက်ခင်းကိုလည်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး တာဝန်၊ ခံယူချက်နှင့် စေတနာတို့ ပေါင်းစပ်ဆောင်ရွက်

နေပြည်တော် မေ ၁၀

ဝန်ထမ်းများအနေဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance)၊ သန့်ရှင်းသော အစိုးရ (Clean Government) ပေါ်ပေါက်လာအောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာန၏ လုပ်ငန်းရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် တာဝန်၊ ခံယူချက်နှင့် စေတနာပေါင်းစပ်ပြီး ဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများကို ဌာန၏လုပ်ထုံးလုပ်နည်း၊ မူဘောင်များအတွင်းမှ စနစ်တကျ လုပ်ဆောင်သွားကြရန်နှင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေး၊ ဝန်ထမ်းများစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရေးအတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ပြုလုပ်သော ဝန်ထမ်းများနှင့်တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားသည်။

မှာကြား

ယင်းအခမ်းအနား၌ ဌာနအလိုက်တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မအူပင်-မော်လမြိုင်ကျွန်းလမ်း ပြုပြင်ဖောက်လုပ်လျက်ရှိ

နေပြည်တော် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယမန်နေ့နံနက် ၉ နာရီ ၃၃ မိနစ်တွင် ကျိုက်လတ်မြို့ ရွှေရောင်ခန်းမ၌ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု လယ်ယာကုန်ထုတ်အသင်းများမှ စိုက်ပျိုးမည့် မိုးစပါး ဧက ၁၀၀၀ စိုက်ခင်း၌ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မအူပင်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် စီမံကိန်းအမှတ်(၁) လမ်းမကြီးဖြစ်သော မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ပြုပြင်ဖောက်လုပ်နေမှုနှင့် လမ်းပေါ်ရှိ တံတားများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ထွန်းသစ်အောင် လယ်ယာကုန်ထုတ်အသင်းဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မိုးစပါးစိုက်ပျိုးရန် လယ်ထွန်စက်များဖြင့် မြေပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မအူပင်ခရိုင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှု၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ထာဝရဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနား၌ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ငါးသိန်းကို ပေးအပ်သည်။

ယင်းနောက် အလှူရှင်များ ပေးအပ်လှူဒါန်းသော ဆေးပဒေသာပင် ငွေကျပ် ၁၄၉ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးခင်မောင်အေးအား ထိုင်းနိုင်ငံမှဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးအား ထိုင်းနိုင်ငံ Chulalongkorn University, Department of Veterinary Pathology မှ Professor Dr.Roongroje Thanawongnuwech သည် မေ ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဝက်နားရွက်ပြာရောဂါ ကာကွယ် ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေကြီး၊ မြေပုံ မြေစာရင်းမှန်ကန်ရေး စဉ့်ကိုင်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

စဉ့်ကိုင် မေ ၁၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မြေကြီး၊ မြေပုံ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးအတွက် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်ယာနှင့်သစ်တောရေးရာဝန်ကြီး ဦးမြင့်သန်း မေ ၃ ရက် နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် တရုတ်စုကျေးရွာအုပ်စု ကွင်းအမှတ်(၆၁/က)တွင် ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ရွှေက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပြီးစီးမှုအခြေအနေများကို မြေပုံဇယားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန)**

ကျိုင်းတုံတွင် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

ကျိုင်းတုံ မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူမှုရေးကူညီစောင့်ရှောက်မှုအသင်း လူငယ်စာရိတ္တနှင့် ပညာရည်မြင့်တင်ရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ နွေရာသီ လူငယ် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲကို မေ ၂ ရက်က ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိစာသင်ခန်းမ၌ကျင်းပရာ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကားပြောကြားပြီး သင်တန်းကော်မတီဥက္ကဋ္ဌ ဦးလုံးဆိုင်လန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

အဆိုပါသင်တန်းမှာ အခမဲ့သင်တန်းဖြစ်ပြီး အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဘွဲ့ရ သင်တန်းသူ သင်တန်းသား စုစုပေါင်း ၁၂၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုံရွာမြို့ ဗိုလ်ချုပ်လမ်းဘေး ကန်သာယာပေါင်တွင် မြေယာရှုခင်းပြုပြင်မှုကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် အမှုဆောင်အရာရှိ ဦးစိုးညွန့်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရေကြောင်းဆိုင်ရာ ဒီပလိုမာသင်တန်းများ တက်ရောက်နိုင်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံတွင် ရေကြောင်းပညာဘာသာရပ်များကို သင်ကြားသည့် School of Logistics & Supply Chain Management သင်တန်းကျောင်းက Advanced Diploma in Shipping Business (UK) သင်တန်းအတွက် တန်းခွဲသစ် (Make-up Class) ကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီခွဲတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး Higher Certificate in Logistics & Supply Chain Management ၏ အမှတ်စဉ်(၇) တန်းခွဲကိုလည်း မေ ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

တက်ရောက်ဖြေဆို

အဆိုပါ သင်တန်းကျောင်းတွင် Advanced Diploma နှင့် Professional Qualifying Diploma များအတွက် လိုအပ်သော ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး Higher Certificate နှင့် Advanced Diploma in Shipping Business (UK) တို့ကို တက်ရောက် သင်ယူနိုင်သည်။ Advanced Diploma in shipping Business (UK) အတွက် Shipping Business နှင့် Logistics & Multimodal Transport နှစ်ဘာသာတို့ကို တက်ရောက်ဖြေဆို အောင်မြင်ရမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ Advanced Diploma ဘာသာရပ်နှစ်ခုအတွက် သင်တန်းကာလမှာ ခြောက်လခန့် ကြာမြင့်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် အသေးစိတ် အချက်အလက်များကို တိုက် (၁) အခန်း ၃၈၊ ဘီ လှည်းတန်းလမ်းဆုံ အင်းစိန်လမ်းမ ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၂၇၂၄၃နှင့် ၀၉-၅၀၃၈၄၃၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ တရားတော်
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာ့ရှုခင်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၅ ၄။ အဖွင့်သီချင်း
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၆။ လျှပ်တစ်ပြက်
- ၄:၄၀ ၇။ အမျိုးသားရေးတေးကဗျာ
- ၄:၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၉။ ရွှေးဟောင်းသုတ
- ၅:၀၀ ၁၀။ ရန်သူမီး
- ၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၆၃)
- ၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၅။ Mail Box
- ၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၂၀)
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဒို့တာဝန်အရေး(၃)ပါး
- ၂၁။ နိုင်ငံတကာသတင်း
- ၂၂။ မိုးလေဝသသတင်း
- ၂၃။ ရယ်စရာပျော်စရာဟာသကမ္ဘာ
- ၂၄။ အိုင်စီတီသုတ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၁၂)
- ၂၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု သင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ သစ်တောဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ယနေ့နံနက် ၉ နာရီက နေပြည်တော်ရေဆင်းရှိ သစ်တောသုတေသန စုဝေးခန်းမတွင် ကျင်းပသည့် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု သင်တန်းဖွင့်ပွဲ အခမ်းအနား၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံတွင် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာန (၁၆)ဌာနပါဝင်သည့် အမျိုးသားစီမံကိန်း အုပ်ချုပ်ရေးအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားလျော့ကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်အကောင်အထည်ဖော်ခြင်းဖြင့် ကာဗွန်ရောင်းဝယ်မှုလုပ်ငန်းမှ အကျိုးအမြတ် ရရှိနိုင်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်ဆိုင်ရာ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုအတွက် ဤသင်တန်းကို ဖွင့်လှစ်ပို့ချခြင်း ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

သင်တန်းကို မေ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများမှ သင်တန်းသား ၄၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Web Design သင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၀

ပြည်တွင်းပြည်ပတွင် Web Designer များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုများပြားလာလျက်ရှိရာ Website တစ်ခုကို ကိုယ်တိုင်အစအဆုံး ရေးသားလိုသူများအတွက် Web Design သင်တန်းကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်းတွင် Module 4 ခုခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်ကြားသွားမည်

Module 1 တွင် HTML, CSS, Javascript စသည့် နည်းပညာများကို လည်းကောင်း၊ Module 2 တွင် Adobe Dreamweaver ကို အသုံးပြု၍ Website တစ်ခု တည်ဆောက်နည်း အဆင့်ဆင့်ကို လည်းကောင်း၊ Module 3 တွင် Advanced Web Design Techniques များဖြစ်သော Flash file များပြုလုပ်ခြင်း၊ Interactive File များပြုလုပ်ခြင်းနှင့် Animation ပြုလုပ်ခြင်းများကို လည်းကောင်း၊ Module 4 တွင် ကျောင်းသားများ ကိုယ်ပိုင် Project များပြုလုပ်ခြင်း ကိုလည်းကောင်း သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်း

ဤသင်တန်းကို ကွန်ပျူတာ အခြေခံရှိထားပြီးသူ မည်သူမဆို တက်ရောက်နိုင်ပြီး မေ ၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး မေ ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကာ အသေးစိတ်အချက်အလက်များကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် ၂၆ (၁၄)လမ်း အောက်လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၈၆-၂၈၈၀၆၊ ၀၉-၇၃၀-၃၁၃၀၂ နှင့် ၀၁-၂၂၄၄- ၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်း အလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

❒ မိုးမြင့်လင်းလက် - စုစည်းသည် ❒

နယူးယောက်မြို့အနီး ဝေဟင်၌ လေယာဉ်နှစ်စင်း တိုက်မိ၊ နှစ်ဦးသေဆုံး

နယူးယောက် မေ ၁၀

အမေရိကန်နိုင်ငံ နယူးယောက်မြို့အနီး အော်ရန်ဂ်ီစီရင်စု ဝေဟင်တွင် မေ ၉ ရက်က ကိုယ်ပိုင်လေယာဉ်ငယ်နှစ်စင်း တိုက်မိခဲ့ရာ **(အပေါ်ပုံ)** နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်လေကြောင်း အရာရှိများက မေ ၁၀ ရက်၌ ပြောကြားသည်။

ပျက်ကျခဲ့

၎င်းလေယာဉ်နှစ်စင်း ဝေဟင်တွင် တိုက်မှုဖြစ်ပွားပြီးနောက် ပထမလေယာဉ်မှာ အော်ရန်ဂ်ီစီရင်စုအနီး မြေပြင်သို့ ပျက်ကျခဲ့ပြီး ဒုတိယလေယာဉ်မှာလည်း သစ်တောဧရိယာအနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပထမပျက်ကျသည့်လေယာဉ်မှာ အင်ဂျင်တစ်လုံးတပ် ပီအေ-၂၈ အမျိုးအစားဖြစ်ပြီး ဒုတိယလေယာဉ်မှာ ပီအေ-၂၄ အမျိုးအစား လေယာဉ်ဖြစ်ကြောင်း၊ လေယာဉ်နှစ်စင်းလုံး မြေပြင်၌ မီးလောင်သွားခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့အရှည်ဆုံးပင်လယ်ဖြတ်တံတား ဇွန်လ၌စတင်ဖွင့်လှစ်မည်

ကျိုးနန် မေ ၁၀

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကျင်းဒိုပင်လယ်အော်ကို ဖြတ်သန်းတည်ဆောက်ထားသည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူးတံတားကို **(အောက်ပုံ)** လာမည့်ဇွန်လ၌ စတင်ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း တံတားတည်ဆောက်ရေး စီမံကိန်းရုံးချုပ်က မေ ၉ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းတံတားပေါ်မှ ကားလမ်းများပြုလုပ်မှုမှာ ၁၀ ရက်အတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံခန့်ရှိကြောင်း၊ တံတားအရှည်မှာ ၄၁ ဒသမ ၅၈ ကီလိုမီတာရှည်ကြောင်း၊ ၂၀၀၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေး စီမံကိန်းရုံးမှ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

အဆိုပါတံတားသည် တရုတ်နိုင်ငံ ကျင်းဒိုဆိပ်ကမ်းမြို့၏ ဆင်ခြေဖုံးအရပ်မှ ပင်လယ်အော်ကိုဖြတ်ကာ ဟန်ဒိုခရိုင်သို့ ဆက်သွယ်ထားသည့် တံတားဖြစ်သည်။ **(အင်တာနက်)**

တိုကိုရေအိုင်ကြီးအတွင်း ကူးတို့ယာဉ်နစ်မြုပ် ၃၆ ဦးသေဆုံး

လိုမီ မေ ၁၀

တိုဂိုနိုင်ငံ လိုမီမြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၄၀ ခန့်အကွာရှိ တိုဂိုရေအိုင်ကြီးတွင် မေ ၉ ရက်က ကူးတို့ယာဉ်တစ်စင်း လေပြင်းများ တိုက်ခတ်ခံရပြီး နစ်မြုပ်ခဲ့ရာ ၃၆ ဦး သေဆုံးခဲ့ကြောင်း တိုဂိုအရာရှိများက မေ ၁၀ ရက်၌ ပြောကြားသည်။

နစ်မြုပ်ခဲ့

၎င်းကူးတို့ရေယာဉ်မှာ တိုဂိုရေအိုင်ကြီး၏ တစ်ဖက်ကမ်းရှိ နာရေးတစ်ခုမှ ပြန်လာသောလူများကို တင်ဆောင်ပြီး ဖြတ်သန်းစဉ် လေပြင်းများ တိုက်ခတ်ခံရပြီး နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့များက ကူးတို့ယာဉ်နစ်မြုပ်ရာ ရေပြင်သို့ သွားရောက်ကာ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ သေဆုံးသူအများစုမှာ ရေအိုင်ကြီး အနီးရှိ ကျေးရွာသားများ ဖြစ်ကြသည်။ **(အင်တာနက်)**

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

မြင့်မောင်စိုး ——— စုစည်းသည်

Born This Way တေးအယ်လ်ဘမ် လေဒီဂါဂါအရောင်းမြှင့်တင်

မက္ကဆီကိုစီးတီး မေ ၁၀

ပေါ့ပ်အဆိုတော် လေဒီဂါဂါ(အောက်ပုံ)သည် မေ ၈ရက်က မက္ကဆီကိုနိုင်ငံသို့ ၎င်း၏ တေးအယ်လ်ဘမ်သစ် အရောင်းမြှင့်တင်ရေး ပြုလုပ်ရန် ရောက်ရှိနေပြီး မက္ကဆီကိုစီးတီးမြို့တွင် တေးအယ်လ်ဘမ် အရောင်းမြှင့်တင်ရေးအတွက် သီဆိုဖျော်ဖြေပွဲ နှစ်ပွဲကျင်းပသွားရန် စီစဉ်ထားကြောင်း လေဒီဂါဂါက သတင်းထောက်များအား ပြောကြားသည်။

လေဒီဂါဂါယခုထွက်ရှိလာသည့် တေးအယ်လ်ဘမ်အမည်မှာ Born This Way ဖြစ်သည်။ ယင်းတေးအယ်လ်ဘမ်တွင် အရီဇိုးနားပြည်နယ်၏ လူဝင်မှုကြီးကြပ်ရေးအကြောင်း ရေးသားထားသည့် Americano အမည်ရှိ သီချင်းတစ်ပုဒ်လည်းပါဝင်သည်။ အဆိုတော်လေဒီဂါဂါကို ၁၉၈၆ ခုနှစ် မတ် ၂၀ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ယခင်ကတည်းက အဆို၊ အကဝါသနာထုံခဲ့သူဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် တေးထုတ်လုပ်သူ ရော့ဘ်ဖူဆာရီနှင့်တွေ့ပြီး လေဒီဂါဂါအမည်ဖြင့် စင်တင်ပေးခဲ့ရာမှ လူသိများကျော်ကြားခဲ့သည့် အဆိုတော် ဖြစ်လာခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့်နှစ်က အကောင်းဆုံး အမျိုးသမီးအဆိုရှင်အဖြစ် ဂရမ်မီဆု ဆွတ်ခူးခဲ့သည်။ (အင်တာနက်)

ဆယ်စုနှစ်အတွင်း အအောင်မြင်ဆုံး အဆိုတော်ဘီယွန်းစီ

လော့စ်အိန်ဂျလိစ် မေ ၁၀

အဆိုတော် ဘီယွန်းစီသည် စွယ်စုံရ ဂီတအနုပညာရှင် တစ်ဦးပင်ဖြစ်သည်။ သူမသည် အဆိုဘက်တွင်သာမက သရုပ်ဆောင်၊ အကနှင့် ဖက်ရှင်ဒီဇိုင်းတို့တွင်လည်း အောင်မြင်ကျော်ကြားနေသူဖြစ်သည်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့သည် သူမ၏ ဇာတိမြို့ဖြစ်သည်။ သူမကို တေးသံသွင်းမန်နေဂျာ မက်သရူးနောလက်နှင့် ဖက်ရှင်ဒီဇိုင်နာ တီနာနောလက်တို့က ၁၉၈၁ခုနှစ် စက်တင်ဘာ ၄ ရက်တွင် မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူမှာ အာဖရိက အမေရိကန်ကပြားဖြစ်ပြီး မိခင်ဖြစ်သူသည် ပြင်သစ်အမေရိကန် ကပြားဖြစ်သည်။

ဆည်းပူးခဲ့

ဘီယွန်းစီသည် ငယ်စဉ်ကတက္ကဆက်ရှိ စိန့်မေရီအယ်လီမင်တာရီ ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ကျောင်းတက်နေစဉ် ကာလအတွင်း အကနှင့် အဆိုသင်တန်း မြောက်မြားစွာ တက်ရောက်ဆည်းပူးခဲ့သည်။

ထိုသို့ ဂီတနှင့်အနုပညာ အတတ်ပညာများ တတ်မြောက်လာပြီးနောက် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အဆိုတော် ဘီယွန်းစီသည် R&B girl group Destiny's Child ဟု ခေါ်သည့် အဆိုဂီတအဖွဲ့၏ ခေါင်းဆောင်အဆိုတော် ဖြစ်လာခဲ့သည်။ ထိုအဆိုတော်များအဖွဲ့၏ တေးအယ်လ်ဘမ်များသည် ယနေ့ ကမ္ဘာတွင် ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်များ ဖြစ်ခဲ့သည်။

သူမသည် ၂၀၀၃ ခုနှစ်တွင် Dangerously in Love အမည်ရှိ တစ်ကိုယ်တော် တေးအယ်လ်ဘမ်စထွက်သည်။ ထို့နောက် တေးအယ်လ်ဘမ်များ ဆက်တိုက်ထွက်ရှိခဲ့ရာ Crazy in love နှင့် Baby Boy တေးအယ်လ်ဘမ်များသည် ထို ၂၀၀၃ခုနှစ်တွင် လူကြိုက်အများဆုံးနှင့် အအောင်မြင်ဆုံး တေးအယ်လ်ဘမ်များဖြစ်ခဲ့သည်။ ထိုနှစ်က သူမသည် ဂရမ်မီဆုငါးဆု ရရှိခဲ့သည်။

၂၀၀၆ ခုနှစ်တွင် B'Day အမည်ရှိ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ထွက်ရှိခဲ့သည်။ သူမ၏ irreplaceable နှင့် Beautiful Lier အမည်ရှိ သီချင်းများ အပါအဝင် ဘဲလ်ဘုတ်၏ နံပါတ်တစ် အရောင်းရဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့သည်။

စံချိန်ချိုး

သူမ၏ တတိယမြောက် တစ်ကိုယ်တော် တေးအယ်လ်ဘမ်ဖြစ်သည့် I am... Sasha Fierce ကို ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ယင်းတေးအယ်လ်ဘမ်ဖြင့် ဘီယွန်းစီနောလက်သည် (၅၂)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် ဂရမ်မီဆု ခြောက်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ တစ်နှစ်တည်းတွင် အမျိုးသမီးတစ်ဦးအနေဖြင့် ဂရမ်မီဆု အများဆုံးဆွတ်ခူးနိုင်သည့် စံချိန်ချိုးနိုင်ခဲ့သည်။ ယခု

အချိန်အထိဂရမ်မီဆုပေါင်း ၁၆ဆု ဆွတ်ခူးထားသည်။ဘီယွန်းစီ **(အပေါ်ပုံ)** သည် ၂၀၀၁ခုနှစ်တွင် ရုပ်ရှင်လောကသို့ ဝင်ရောက်သည်။ သူပါဝင်သရုပ်ဆောင်ခဲ့သည့် Dreamgirls နှင့် Cadillac Records တို့သည် လူကြိုက်များခဲ့သည်။

ရောင်းချ

အမေရိကန် တေးသံသွင်းအသင်း၏ စာရင်းအရ ဘီယွန်းစီနောလက်သည် ဆယ်စုနှစ်အတွင်း အအောင်မြင်ဆုံး အဆိုတော်ဖြစ်ခဲ့ပြီး အမေရိကန်တစ်နိုင်ငံတည်း၌ ၂၀၁၀ ခုနှစ် မေလကုန်အထိ စုစုပေါင်း တေးအယ်လ်ဘမ် ၂၅သန်းရောင်းချခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကမ္ဘာ့အိုင်တီဈေးကွက် ကမ္ဘာ့အိုင်တီဈေးကွက် ကမ္ဘာ့အိုင်တီဈေးကွက် ကမ္ဘာ့အိုင်တီဈေးကွက် ကမ္ဘာ့အိုင်တီဈေးကွက် ကမ္ဘာ့အိုင်တီဈေးကွက်

အိုင်မက်ကွန်ပျူတာအမျိုးအစားသစ် အပ်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်

ဆန်ဖရန်စစ္စကို မေ ၁၀

အပ်ပဲလ်ကုမ္ပဏီက နောက်ဆုံးပေါ်အိုင်မက် (imac) ကွန်ပျူတာများ **(အပေါ်ပုံ)**ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မေ ၈ ရက်က ကြေညာသည်။

ယင်းကုမ္ပဏီက ယခုထုတ်လုပ်လိုက်သော အိုင်မက်ကွန်ပျူတာများသည် အလွန်မြန်သည့် ပရော်ဆက်ဆာ(Processor)နှင့် ဒေတာပို့ (dataport)တို့ ပါရှိသည်ဟု ဆိုသည်။ ပရော်ဆက်ဆာမြန်နှုန်းမှာ ယခင်ထုတ်လုပ်ထားသည့် အိုင်မက်များထက် အဆပေါင်း ၇၀ ရာခိုင်နှုန်း ပိုမြန်သည်။

စတင်ရောင်းချ

အဆိုပါ အိုင်မက်အမျိုးအစားသစ်တွင် HD ကင်မရာလည်း တပ်ဆင်ထားပြီး တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၁၉၉ ဖြင့် ဈေးကွက်များသို့ စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ-စုစည်းသည်

အထူးအပါးအငြင်းပွား အပ်ပဲလ်အိုင်ဖုန်းများ

ဆန်ဖရန်စစ္စကို မေ ၉

နည်းပညာကုမ္ပဏီများသည် ယင်းတို့၏ ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်ရုံသာမက အပေါ့ဆုံး၊ အပါးဆုံး၊ သုံးစွဲမှုအဆင်ပြေဆုံးဖြစ်အောင် နည်းပညာဆန်းသစ်မှုများဖြင့် ထုတ်လုပ်ကာ ဈေးကွက်ရရှိရေး အပြိုင်ကြိုးစားလျက်ရှိသည်။

အငြင်းပွား

အပ်ပဲလ်ကုမ္ပဏီက အဖြူရောင်အိုင်ဖုန်းနှင့် အမည်းရောင်အိုင်ဖုန်း-4 ဆိုပြီး နှစ်မျိုးထုတ်လုပ်ထားသည်။ (အောက်ပုံ) **ယင်းအိုင်ဖုန်း အမျိုးအစားနှစ်မျိုး၏ အထူအပါးနှင့်ပတ်သက်ပြီး နယူးယောက်မြို့ အိုင်ဖုန်းသုံးသူများအကြား အငြင်းပွားလျက်ရှိသည်။**

အဖြူရောင်အိုင်ဖုန်း-4 မှာ ပြီးခဲ့သည့် နွေရာသီကထုတ်လုပ်ခဲ့သော အမည်းရောင် အိုင်ဖုန်း-4 ထက် နှစ်မီလီမီတာ ပိုထူသည်ဟု ဆိုသည်။ ယင်းကွာခြားချက်အငြင်းပွားမှုကို အိုင်ဖုန်းသုံးစွဲကြသူများက လက်တွေ့တိုင်းတာကြည့်ရာ အထူအပါးကွာခြားမှုမရှိသည်ကို တိုင်းတာသိရှိရကြောင်း နယူးယောက်မြို့ အိုင်ဖုန်းသုံးစွဲသူများက ပြောကြားသည်။ ယင်းအိုင်ဖုန်း အမျိုးအစားနှစ်မျိုးစလုံးမှာ အထူ ၀ ဒသမ ၃၇ လက်မသာရှိသည်ဟု ဆိုသည်။

အဖြူရောင်အိုင်ဖုန်း-4 မှာ ဒီဇိုင်းပုံစံနှင့် နည်းပညာရှုပ်ထွေးမှုများကြောင့် အမည်းရောင်အိုင်ဖုန်း-4 ထက် ၁၀ လနောက်ကျပြီးမှ အပ်ပဲလ်ကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)



ဒစ်ဂျစ်တယ်ဘွတ်(ခ်)သုံးစွဲမှုများလာ နည်းပညာအတွက် အထောက်အကူဖြစ်

လန်ဒန် မေ ၉

ဗြိတိန်နိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း ဒစ်ဂျစ်တယ်ဘွတ်(ခ်) **(အပေါ်ပုံ)** များ၏ အရောင်းမှာ သိသိသာသာတိုးလာကြောင်း ဒစ်ဂျစ်တယ်ဘွတ်(ခ်) ထုတ်ဝေရေးအသင်း စာရင်းဇယားများက ဖော်ပြထားသည်။

General title အမျိုးအစား အီးဘွတ်(ခ်)နှင့် အော်ဒီယိုဘွတ်(ခ်) ရောင်းအားတန်ဖိုးမှာ ပေါင် ၄ သန်းမှ ၁၆ သန်းအထိ မြင့်တက်ခဲ့ကြောင်း ၎င်းထုတ်ဝေသူများအသင်းက ပြောကြားသည်။ လွန်ခဲ့သည့်နှစ်အတွင်း ပညာရပ်ဆိုင်ရာစာအုပ်နှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာအုပ်များ၏ အရောင်းသည် ဒစ်ဂျစ်တယ်ဘွတ်(ခ်)များထက် ရောင်းအားကောင်းနေဆဲဖြစ်ပြီး ပေါင်သန်း ၁၈၀ ဖိုးအထိ ရောင်းချခဲ့ရကြောင်း သိရသည်။ သို့သော်လည်း အမေဇုန် ကင်ဒယ်နှင့် ဆိုနီရီဒါကဲ့သို့သော ဒစ်ဂျစ်တယ်ဘွတ်(ခ်)များ၏ ရောင်းအားမှာ သိသိသာသာတိုးတက်ခဲ့သည်ဟု ဆိုသည်။

ဒစ်ဂျစ်တယ်စနစ်သုံးစာအုပ်များ တိုးလာခြင်းသည်နည်းပညာကို လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများလည်း တိုးလာကြောင်း ဒစ်ဂျစ်တယ်ဘွတ်(ခ်)ထုတ်ဝေရေးအသင်းမှ အမှုဆောင်အရာရှိ ရစ်ချတ်မိုလက်က ပြောကြားသည်။ ဒစ်ဂျစ်တယ်ဘွတ်(ခ်)သုံးစွဲသူများ များလာပြီဖြစ်သော်လည်း ပုံနှိပ်ထုတ်ဝေသည့် စာအုပ်များဈေးကွက်သည် ဆက်လက်တည်ရှိနေဆဲပင်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

11-5 (15).pmd 1 5/11/2011, 2:42 AM

ဈေး၊မြို့တွင်းလမ်းများ၊ကားဂိတ်၊ဆိုက်ကားဂိတ်များ အမြဲသန့်ရှင်းသပ်ရပ်ရေး စေတနာထားဆောင်ရွက်

နေပြည်တော် မေ ၁၀

မကွေးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၄ရက် မွန်းလွဲ ၂နာရီခွဲက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများက မြို့နယ်အလိုက် ဝင်ငွေ၊ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး အတွင်းရေးမှူးတို့က ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ဝင်ငွေများကို အလေအလွင့်မရှိစေဘဲ ခြိုးခြံချွေတာပြီး အကျိုးရှိစွာအသုံးချ ဆောင်ရွက်သွားရေး၊ ပြည်သူအများ သွားလာနေထိုင်သည့် ဈေး၊ မြို့တွင်းလမ်းများ၊ ကားဂိတ်၊ ဆိုက်ကားဂိတ်များ အမြဲသန့်ရှင်းသပ်ရပ်အောင် စေတနာထားဆောင်ရွက်သွားရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို အလေးချိန်ခွင်နှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းဝယ်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားရေး၊ ကျေးရွာချင်းဆက်လမ်းများ အမြဲကောင်းမွန်ရေးနှင့် ကျေးရွာတိုင်း သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရန်အတွက် ကြိုးစားဆောင်ရွက်သွားရေး စသည်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် ၉ ရပ်ကွက် ၄၆ လမ်း အမှတ်(၄၈)နေ ဦးစောရှိန် မိသားစုက နှစ်ဖက် ဘိုး၊ ဘွားနှင့် ဒေါ်ချိုချိုလွင်အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ သူနာပြုအုပ်ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်မာမာအေးတို့ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

ဆွေးနွေးမှာကြား

မေ ၇ ရက်က သာယာဝတီခရိုင် ဥပဒေရုံးတွင် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင် သာယာဝတီခရိုင် ဥပဒေအရာရှိ၊ ခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။
(ခရိုင် ပြန်/ဆက်)

မေ ၈ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင် ရုံးခန်းဖွင့်ပွဲအခမ်းအနားကို အသင်းမှခ်ဦး၍ ကျင်းပရာ ခရိုင်သာသနာ့ နုဂ္ဂဟအသင်း အတွင်းရေးမှူး ဦးဆန်းထွန်းအောင်၊ မြို့နယ်သာသနာ့နုဂ္ဂဟ အသင်းဥက္ကဋ္ဌ သီဟသုဓမ္မဇောတိကဓဇ ဦးခင်လှနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

(၇၇)ကြိမ်မြောက် သွေးလှူ

မူဆယ် မေ ၁၀

မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန်(လူမှုထူးချွန်ပထမဆင့်)သည် မေ၆ရက်က မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံ အမျိုးသားသွေးလှူဘဏ်၌ (၇၇)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။
(အပေါ်ပုံ) (မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၁၀

၂၀၁၁ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဆောင်းပါးပြိုင်ပွဲကို ''မြတ်နိုးစရာ မေမြန်မာ ပြည်ရွာအကျိုး ဆောင်သယ်ပိုး''ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ''ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ''ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့်စာမူများကို စာလုံးရေသုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရန်၊ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင် စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရန်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ × ၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ကာ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်များ၊ ဆုရရှိသူများက သဘောတူခွင့်ပြုရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၇ရက် ညနေ ၄နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရေစက်ရုံနှင့်ရေကန်များကို မေ ၂ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းသာ ရွှေသာယာမြို့မဈေးအတွင်း ရေမြောင်းများ တူးဖော်နေမှုကို ဧပြီ ၃၀ ရက်က မြို့နယ်တာဝန်ခံ ဦးနေမျိုးအောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မေ ၆ ရက်က မြို့လယ်လမ်းဘေးဝဲယာတွင် ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရောမြို့နယ် အတ္တရံမြို့သစ် ရေပေးဝေရေးလုပ်ငန်းကို မေ ၃ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သရက်တောလမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြေတူးစက်ယန္တရားကြီးဖြင့် ဧပြီ ၃၀ ရက်က တူးဖော်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့တက်ရောက်

စားနပ်ရိက္ခာဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကဏ္ဍများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၇ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih ခန်းမ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ် နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ *စာမျက်နှာ ၄ ကော်လံ ၅* ●

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Cendrawasih ခန်းမ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)